# နွေဦးအသံ
the voice of spring

12.4.2021 · Monday · No . 7 · Daily News Pamphlet


## မကြာမီ ပေါ်ပေါက်လာတော့မည့် အမျိုးသားညီညွတ်ရေးအစိုးရ (NUG) ကို ပြည်သူ့အစိုးရအဖြစ် ကြိုဆိုထောက်ခံကြောင်း မြို့နယ်များ၌ ပျောက်ကြားသပိတ်ဖြင့်ဆန္ဒဖော်ထုတ်နေကြ

သတင်းတို

ရင်းမြစ် – အာအက်ဖ်အေ မှ

## အရပ်သားပြည်သူများကို လက်နက်ကြီးများအသုံးပြုပြီး ဆေးကုသဖွင့် မပေးဘဲ ပဲခူးမြို့၌ အင်အားအလုံး အရင်းနှင့် ပစ်သတ်ခဲ့သဖြင့် (၈၂)ဦးခန့်သေဆုံးခဲ့ရခြင်းအား လူမျိုးတုန်းသတ်ဖြတ်မှုဟု AAPP ထုတ်ပြန်ကြေညာ

သတင်းတို

ရင်းမြစ် – အေအေပီပီ မှ

## ရက်စက်ယုတ်မာသောရာဇဝတ်မှုများ ပြုကျင့်ခံနေရသည့် မြန်မာပြည်သူများကို ကာကွယ်ဖို့ နိုင်ငံတကာလူ့အဖွဲ့အစည်းများ၌ တာဝန်ရှိကြောင်း ဒိန်းမတ်၊ ဆွီဒင်၊ နော်ဝေ၊ အိုက်စ်လန်နှင့် ဖင်လန် (စကင်ဒီနေဗီးယားငါးနိုင်ငံ) တို့မှ ပူးတွဲကြေညာချက် ထုတ်ပြန်ခဲ့

သတင်းတို

ရင်းမြစ် – CRPH မှ

# တနိုင်ငံလုံးအနှံ့ Green Day Strike လှုပ်ရှားမှု ပြုလုပ်ခဲ့ကြ




ဧပြီလ ၁၁ ရက်၊ ရန်ကုန်-မရမ်းကုန်းမြို့နယ်၌ ပြုလုပ်ခဲ့သည့် Green Day Strike လှုပ်ရှားမှုကို တွေ့ရစဉ်-(ဓါတ်ပုံ-စီရဂျေ)

## ပဲခူးရှိ ကျဆုံးသူ ရုပ်အလောင်းများသိမ်းဆည်းထားမှုကို ဂျပန်သံရုံးမှ ကန့်ကွက်ဟုသိရ

ရင်းမြစ် – ဒီဗွီဘီမှ

## ပန်းတနော် NLD အမတ် မန်းညွန့်သိန်း အဖမ်းဆီးခံရ

ရင်းမြစ် – ဒီဗွီဘီမှ

## Flash Strike သပိတ်ကို နေရာအနှံ့အပြား ပြုလုပ်ခဲ့ကြ

သတင်းတို

ရင်းမြစ် – မဇ္ဈိမ မှ

## မန္တလေးမြို့ ၂၆၊ ၈၁ လမ်းထောင့်ရှိ မြဝတီဘဏ်၌ ဗုံးပေါက်ကွဲမှုဖြစ်ပွားခဲ့ကြောင်းသိရ

သတင်းတို

ရင်းမြစ် – ဧရာဝတီ မှ

## KNU နယ်မြေကို အကြမ်းဖက်စစ်အုပ်စုမှ လေယာဉ်များဖြင့်ထောက်လှမ်းနေဟုသိရ

သတင်းတို

ရင်းမြစ် – မြန်မာနောင်းမှ

## မိုးမောက်မြို့တွင် KIA နှင့် အကြမ်းဖက်စစ်အုပ်စုတို့ ပြင်းထန်စွာတိုက်ပွဲဖြစ်ပွားနေကြောင်းသိရ

သတင်းတို

ရင်းမြစ် – ဧရာဝတီ မှ

## တမူးမြို့၌ ဆိုင်ကယ်စီးနင်းလာသူနှစ်ဦးကို အကြောင်းမဲ့ပစ်ခတ်သဖြင့် တစ်ဦးသေဆုံးခဲ့ရ

သတင်းတို

ရင်းမြစ် – ဘီဘီစီမှ

ဖတ်ပြီးလျှင် လက်ဆင့်ကမ်းဝေမျှပေးပါ၊ ဖြစ်နိုင်လျှင် မိတ္တူပွားး၍ ဆက်လက်မျှဝေပါ၊
ဖုန်းဖြင့် ဆော့ဖ်ကော်ပီကိုလည်း အဆင်ပြေသလို ဖြန့်ချိမျှဝေပေးကြပါ၊ သတင်းစီးဆင်းမှုသည် တော်လှန်ရေး၏ အသက်သွေးကြောတစ်ခုပင် ဖြစ်သည်။

# သတင်းမှတ်စု

ဧပြီလ (၁၁) ရက်၊ ၂၀၂၁

www.facebook.com/thevoiceofspring
twitter@NewsPamphlet
thevoiceofspringdaily@gmail.com

- ကုလလုံခြုံရေးကောင်စီ အနေနဲ့ R2P အရ မြန်မာပြည်သူများကို အကာအကွယ် ပေးသွားဖို့ ဒိန်းမတ်၊ နော်ဝေး၊ ဆွီဒင်၊ ဖင်လန် နှင့်အိုက်စလန် တို့က ပူးတွဲကြေညာချက် ထုတ်ပြန်ခဲ့။
- ဆန္ဒပြသူအချို့အား သေဒဏ်ပြစ်ဒဏ် ချမှတ်မှုအပေါ် HRW နှင့် နော်ဝေ နိုင်ငံတို့က အပြင်းအထန် ပြစ်တင် ရှုတ်ချခဲ့။
- စစ်ကိုင်း၊ တမူးမြို့ရှိ ခရိုင်ရဲရုံးရှေ့၌ ဆိုင်ကယ်စီးနင်းလာသူပြည်သူနှစ်ဦးကို နေ့လယ် ၂ နာရီဝန်းကျင်က အကြမ်းဖက်စစ်တပ်မှ အကြောင်းမဲ့ပစ်ခတ်သဖြင့် ပြည်သူတဦး ကျဆုံးကာ ကျန်တဦးမှာ စိုးရိမ်ရကြောင်း သိရ။
- မြစ်ကြီးနားမြို့၊ ရမ်ပူရပ်ကွက်၌ အကြမ်းဖက်စစ်အုပ်စုက ဆန္ဒပြပြည်သူများကို ပစ်ခတ်ဖြိုခွင်းခဲ့ပြီး ၄ နှစ် ကလေး အပါအဝင် မိသားစုဝင် ၅ ယောက်ကို ဖမ်းဆီးသွားခဲ့။
- ပုသိမ်မြို့၊ မြကျွန်းသာအိမ်ရာ မီးပွိုင့်အနီး ညအချိန် ဆိုင်ကယ်စီးလာသူ လူငယ်နှစ်ဦးအား အကြမ်းဖက်စစ်အုပ်စုမှ အကြောင်းမဲ့ ပစ်ခတ်ဖမ်းဆီးခဲ့။
- အဘွားဖြစ်သူအိမ်ရှိ နာရေးသို့ သွားနေစဉ် အကြမ်းဖက်စစ်အုပ်စု၏ သတ်ဖြတ်မှုဖြင့် ဧပြီ ၉ ရက်တွင် ကျဆုံးခဲ့ရသည့် ပရဟိတသမား ကိုသီဟ ၏ နာရေးကို နေ့လည် ၂ နာရီ၌ ပဲခူးရှိ ဆင်ဖြူကွင်းသုသာန်၌ ဂူသွင်းသင်္ဂြိုလ်ခဲ့ကြ။
- ဂျပန်နိုင်ငံတိုကျိုမြို့ရှိ တိုင်းရင်းသားပေါင်းစုံပါဝင်သည့် မြန်မာနိုင်ငံသားများက မြန်မာစံတော်ချိန် နံနက် ၁၀ နာရီခွဲအချိန်၌ Got-anda Minami ပန်းခြံတွင် စတင်စုဝေးကြပြီး သပိတ်စစ်ကြောင်း (၃) ကြောင်းဖြင့်




မြန်မာသံရုံးရှေ့ကို လမ်းလျှောက်ချီတက် ဆန္ဒပြခဲ့ကြ။
- အမဲရောင်ဝတ်ဆင်သည့်အပေါ် ဒဏ်ရိုက်သည့် အကြမ်းဖက်စစ်အုပ်စုကို မော်လမြိုင်ရှိ လူငယ်များက အမည်းရောင် အကျီဝတ်ဆင်ကာ ဆန့်ကျင်ဆန္ဒပြခဲ့ကြ။
- မြို့အဝင်ဆိုင်းဘုတ်ရှိ မအူပင်မြို့ဆိုသည့် စာသားကို မှုတ်ဆေးဗူးများနှင့် ဖျက်ပြီး ဒလန်မြို့လို့ ပြောင်းလဲရေးသား ဆန္ဒထုတ်ဖော်ခဲ့ကြ။
- အာဇာနည်ဝိညာဉ်သပိတ် "သေသောသူများ ရှင်လိမ့်မည်" ဆိုသော စာတန်းကို ရန်ကုန်မြို့ ဆူးလေလူကူးဂုန်းကျော်တံတားပေါ်၌ မနက် ၈နာရီခန့်တွင် ချိတ်ဆွဲဆန္ဒပြခဲ့ကြ။
- ရန်ကုန်၊ မြောက်ဥက္ကလာမြို့နယ်ရှိ လူငယ်များက အတာအိုးသပိတ်ကို ပြုလုပ်ခဲ့ကြ။
- မုံရွာမြို့ ပင်မသပိတ်နှင့် အမြင့်လမ်းဘေးဝဲယာကျေးရွာများ။ ပဲခူးမြို့-အနောက်ခြမ်း။ ရန်ကုန်-သန့်လျင်မြို့။ ရေဦးမြို့။ မော်လမြိုင်မြို့။ ရွှေဘိုမြို့ တို့၌ ဆိုင်ကယ်သပိတ်ကို ပြုလုပ်ခဲ့ကြ။
- ရန်ကုန်-ဗဟန်း၊ ဗိုလ်တစ်ထောင်၊ တာမွေ။ ဘားအံမြို့ ။ ပြင်ဦးလွင်။ ထားဝယ်ခရိုင်၊ ရေဖြူမြို့နယ် ကံပေါက်ဒေသ။ ကျောက်ပန်းတောင်းမြို့ တို့၌ လူမဲ့သပိတ်ပြုလုပ်ခဲ့ကြ။
- အကြမ်းဖက်စစ်အုပ်စုကို တောင်ကိုရီယားနိုင်ငံ နှင့် အမေရိကန်ဝါရှင်ရှိ မြန်မာများက ဆန္ဒပြခဲ့ကြ။
- သပိတ်မှတ်စု
- မန္တလေးမြို့၊ ချမ်းမြသာစည်၊ မြရည်နန္ဒာရပ်ကွက်။ မန္တလေး-မြတောင်စစ်ကြောင်း၊ မန္တလေး-စုပေါင်းစစ်ကြောင်း။ ငါန်းဇွန်မြို့နယ်၊ မြို့သာမြို့။ ရန်ကုန်-မင်္ဂလာဒုံ၊ တောင်ဥက္ကလာပ၊ စမ်းချောင်း၊ မရမ်းကုန်း၊ သမိုင်း၊ သာကေတ။ လောင်းလုံးမြို့နယ် သာယာကုန်းကျေးရွာ၊သဗျာကျေးရွာ၊အောက်ရေဖြူကျေးရွာ၊ကဒက်ကြီးကျေးရွာ။ ထားဝယ်။ မြင်းခြံမြို့။ ပုဂံမြို့။ မိုးကောင်း။ ကညွတ်ကွင်းမြို့။ တနင်္သာရီ-လောင်းလုံးမြို့၊ ဇလွတ်ရွာ။ စစ်ကိုင်း-ကသာမြို့။ ပဲခူး-ဖြူးမြို့နယ်။ မိုးကုတ်မြို့။ ရောဝတီ- ရေကြည်မြို့။ ကလေးမြို့။ ကချင်ပြည်နယ်-ဖားကန့်။ ချင်းပြည်နယ်-မင်းတပ်မြို့။ ကယားပြည်နယ် ဒီးမော့ဆိုမြို့။ ဆောမြို့နယ်-ကျင်းလိန်ကျေးရွာအုပ်စု။ မိတ္ထီလာမြို့။ ကချင်ပြည်နယ်၊ ဟိုပင်မြို့။ ယင်းမာပင်နှင့် ဆားလင်းကြီးမြို့နယ်။ ပေါင်မြို့နယ်။ ရှမ်းပြည်နယ်၊ သီပေါမြို့။ ကရင်ပြည်နယ်-ကျုံဒိုးမြို့ တို့၌ သပိတ်စစ်ကြောင်းများ ချီတက်ကာ ဆန္ဒပြခဲ့ကြဟုသိရ။

ရင်းမြစ်–ခေတ်သစ်၊ရောဝတီ၊ မဇ္ဈိမ မှ

ဖေဖော်ဝါရီ(၁)ရက်မှစပြီး
ဧပြီလ(၁၁)ရက်အထိ

ကျဆုံးသူဦးရေ
- ၇၀၆ ဦး
( ကလေးငယ် ၄၈ ဦးပါဝင် )

အဖမ်းဆီးခံရသူဦးရေ
- ၃၀၅၉ ဦး

ဝရမ်းထုတ်ခံရသူဦးရေ
- ၆၅၇ ဦး

ရင်းမြစ်–အေအေပီပီမှ




ဧပြီ ၁၁ ရက်တွင် ပြုလုပ်ခဲ့သည့် မုံရွာ၊ ချင်းတွင်းမြစ်အနီးရှိ သဲပန်းပုသပိတ်တခုကို တွေ့ရစဉ်

ညော့်
စာရင်း
တိုင်
မယ်ဆို
CDM
တွေကို
အားနာပါ

**အရေးတော်ပုံ မုချ အောင်ရမည်**